# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ

# စိုက်ပျိုးရေး မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း၊မြောင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်(တတိယနှစ်စက်ဝန်း)

---

ခေါင်းခွဲကျေးရွာအုပ်စု၊အောင်ချမ်းသာကျေးရွာ

၂၀၁၇ခုနှစ်၊စက်တင်ဘာ ၊၂၀ရက်




**ကျေးရွာစီမံကိန်း  မိတ်ဆက်ခြင်း နှင့် လူမှုဆန်းစစ်ခြင်း ကျေးရွာအဆင့်၌**
**ရွေးချယ်တင်မြှောက်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲခြင်းမှတ်တမ်း**

# မာတိကာ


၁။မြို့နယ်မြေပုံ
၂။ကျေးရွာမြေပုံ(တည်နေရာ)
၃။အုပ်စုတွင်ပါဝင်သော ကျေးရွာများ စာရင်း
၄။ကျေးရွာအခြေခံအချက်အလက်များ
၅။လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)
အကျဉ်းချုပ်
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်
သုံးသပ်ချက်များ
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း
ဓါတ်ပုံများ
၈။ကျေးရွာအချက်အလက်(ပုံစံ-၁)
၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)
၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)
၁၁။အစည်းအဝေးမှတ်တမ်းများ
၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။မြို့နယ်မြေပုံ



မြောင်မြို့နယ်၏ အခြေပြမြေပုံ
စကေး ၁ လက္မ = ၂ မိုင်
1KV မြင်းမူ-မြောင်လိုင်း 95 mm²
33/11 KV,5MVA 70 mm²
66KV ဆီမီးခုံ-ပရိမ္မလိုင်း ACSR 150 mm²
စစ်ကိုင်းတိုင်းဒေသကြီး
ချောင်းဦးမြို့နယ်
မြင်းမူမြို့နယ်
မန္တလေးတိုင်းဒေသကြီး
မြင်းခြံမြို့နယ်
ရေစကြိုမြို့နယ်
မကွေးတိုင်းဒေသကြီး
မြောင်မြို့
ရည်ညွှန်းချက်
- တိုင်းခြား
- မြို့နယ်ခြား
- ကျေးရွာအုပ်စုခြား
- မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်
- ကျေးရွာအုပ်စု (၄၈)အုပ်စု
- ကျေးရွာ (၈၁)ရွာ
- ကတ္တရာလမ်း
- ကျောက်ခင်းလမ်း
- မီးရထားလမ်း (၂)မိုင်
- မြစ်/ချောင်း
- မြို့နယ်ထွေ/အုပ်ရုံး
- မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း (၃)ခု
- ရဲကင်းများ (၆)ခု

**၂။ကျေးရွာမြေပုံ(တည်နေရာ)**




**၃။ခေါင်းခွဲအုပ်စုတွင်ပါဝင်သောကျေးရွာများ**

(၁)ခေါင်းခွဲကျေးရွာ

(၂) အောင်ချမ်းသာကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

အောင်ချမ်းသာကျေးရွာ သည် အိမ်ထောင်စု ၁၀၈ အိမ်ထောင်စု ခန့်ရှိပြီး ဘာသာ တရားကိုင်းရှိုင်းသော ကျေးရွာလေးဖြစ်ပါသည်။အောင်ချမ်းသာကျေးရွာလေးသည် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ပြီး စီးပွားရေး အသင့်တင့်ကောင်းသော ကျေးရွာလေးဖြစ်ပါသည်။ အခြေခံလူတန်းစားများသည် လက်လုပ်လက်စား သမားများနှင့် ရေလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ ယခင်က အောင်ချမ်းသာ ကျေးရွာသည် ခေါင်းခွဲကျေးရွာအုပ်စု တွင် ပါဝင်ပြီး တစ်ရွာတစ်အုပ်စု ဖြစ်ပါသည်။ ယခုအခါ အောင်ချမ်းသာ ကျေးရွာသည် ကျေးရွာခွဲ အဖြစ်ရပ်တည်ပြီး နှစ်ရွာတစ်အုပ်စု ဖြစ်လာပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် လည်း ပူးပေါင်းပါဝင်မှုအားကောင်း သော ကျေးရွာ လေးတစ်ရွာဖြစ်ပါသည်။

### ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု နှင့် လူဦးရေ

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၁၀၈ | ၂၃၁ | ၂၁၉ | ၄၅၀ |

### လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | | | | |
| ဘုရင်ဂျီ | | | | |
| ရှမ်း | | | | |

### ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို | ၂၅ | ၅ | ၂၀ | ၂၅ |
| အမျိုးသမီးဦးဆောင် | ၁၇ | ၈၅ | ၁၀၀ | ၁၈၅ |
| မသန်စွမ်း | ၃ | - | ၃ | ၃ |
| မြေယာမဲ့ | ၂၀ | ၃၀ | ၇၀ | ၁၀၀ |

### ကျေးရွာရှိအခြေခံ အဆောက်အအုံများ

| ပညာရေး | ခြစ်ပါ | ကျန်းမာရေး | ခြစ်ပါ | ဘာသာရေး | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | | ဆေးရုံ | | ဘုရား | √ |
| အလယ်တန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်းကျောင်း | √ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | | ဆေးခန်း | | ခရစ်ယန်ဘုရားကျောင်း | |
| အခြား | | အခြား (ရဲစခန်း) | | ဗလီ | |

**အဓိကစီးပွားရေးလုပ်ငန်းများ**

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | နွား | ဈေးဆိုင် | လက်လုပ်လက်စား |
| ပဲအမျိုး | ကျွဲ | ခြွေလှေ့စက် | ပြောင်းရွှေ့လုပ်သား |
| နှမ်း | ကြက် / တိုက်ကြက် | မြေပဲခွဲစက် / ဆီဆုံ | |
| | | ဈေးဆိုင် | |

**ကျေးရွာတွင်းအဓိက ပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးရေးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်းလက်ရေတွင်း | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၅၀ ဧက | ၁ ဧက | မရှိ | မရှိ | ၈၀ | ၁၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ဆိုင်ကယ် | ခွေလှေ့စက် | ပဲခွဲစက် | ကုန်စုံဆိုင်အငယ် | လွှာက်ရည်ဆိုင် |
| အရေအတွက် | - | ၁၀၀ | ၄ | ၅ | ၅ | ၃ |

**ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား | လှည်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၅ | ၈၀ | ၈၀ | ၅ | ၂၇၀ | ၃၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝွန်ဒေါင်း | စပါးကြိတ်စက် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် | ထော်လာဂျီ |
| အရေအတွက် | ၂၅ | ၂ | ၂၅ | ၂၅၀ | ၃ | ၂၅ |

**အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ**

| အရင်းအမြစ် | ဆေးခန်း | အ.လ.ကခွဲ | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | ဝွန်ဒေါင်း | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၁ | ၁ | - | ၂၅ | ၁၂၃၅ | - | - |

၅။လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြနှင့် သယံဇာတ social map/ Resource map) | ၁၆.၅.၂၀၁၇ | ကျေးရွာလူထု | ၁၈ | ၂၅ | ၄၃ | အိမ်များ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေး၊လယ်ယာမြေများ၊မြစ်ချောင်းများ၊ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း(Wealth Ranking) | ၁၆.၅.၂၀၁၇ | ကျေးရွာလူထု | ၁၈ | ၂၅ | ၄၃ | ကျေးရွာလူမှုစီးပွား၊အုပ်စုများခွဲခြားသတ်မှတ် နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာသားများနှင့်အများသဘောတူသတ်မှတ်ခြင်း |
| ၃ | ရာသီခွင်ပြက္ခဒိန်(seasonal ccalendar) | ၁၆.၅.၂၀၁၇ | ကျေးရွာလူထု | ၁၈ | ၂၅ | ၄၃ | ရာသီဉတု၊စိုက်ပျိုးသီးနှံများ၊ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ပညာရေး၊ပွဲတော်များ၊ရွှေ့ပြောင်းလုပ်သား |
| ၄ | အမျိုးသား/သမီး ပိုင်ဆိုင် မှု ပြဇယား(Acesses and Control) | ၁၆.၅.၂၀၁၇ | ကျေးရွာလူထု | ၁၈ | ၂၆ | ၄၄ | အမျိုးသား/သမီး တို့၏ အရင်းအပြစ်အပေါ် မည်သူကပို၍ အသုံးပြုနေကြသည်ကို ဖော်ထုတ်ခြင်း၊ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | ၁၆.၅.၂၀၁၇ | ကျေးရွာလူထု | ၁၈ | ၂၆ | ၄၄ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများမည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၆ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၆.၅.၂၀၁၇ | ကျေးရွာလူထု | ၁၈ | ၂၆ | ၄၄ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | အဓိကအခက်အခဲ ပြဿနာများ | ၂၀.၉.၂၀၁၇ | အမျိုးသမီး အုပ်စု | | ၄၆ | ၄၆ | ဆွေးနွေးထားသောအခြေခံ အဆောက်အဦးများနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ၊ပညာရေး၊ ကျန်းမာရေး |
| ၈ | အဓိကအခက်အခဲ ပြဿနာများ | ၂၀.၉.၂၀၁၇ | အမျိုးသား အုပ်စု | ၃၅ | | ၃၅ | ဆွေးနွေးထားသောအခြေခံ အဆောက်အဦးများနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ၊ပညာရေး၊ ကျန်းမာရေး |
| ၉ | ကျေးရွာ၏(၅)နှစ် စာဦးစားပေးအစီ အစဉ်ပြဇယား | ၂၀.၉.၂၀၁၇ | ကျေးရွာ လူထု | ၄၆ | ၃၅ | ၈၁ | အကျိုးပြုဦးရေ၊အကျိုးခံစား ခွင့်နှင့်အဓိကလိုအပ်ချက် များပေါ် မူတည်၍ဆုံးဖြတ် သည်။ |
| ၁၀ | ပြဿနာ၊အခွင့်အ ရေး၊လက်ရှိအခြေ အနေနှင့်ပြောင်းလဲ မှုညွှန်းကိန်း | ၂၀.၉.၂၀၁၇ | ကျေးရွာ လူထု | ၄၆ | ၃၅ | ၈၁ | ပြဿနာ၊အခွင့်အရေး၊လက် ရှိအခြေအနေနှင့်ပြောင်းလဲ မှုညွှန်းကိန်း |

### ၆.၁။ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင့်မြေဆုံး | မြေဧက (၂၀) ဧက၊ နွား(၁၀) ကောင်၊ လယ်ထွန်စက်၊စပါးခွဲစက်၊ ဆန်စက်၊ဖောကား၊ ရေစုပ်စက်၊ဓားခုံ၊ပျဉ်ထောင်ပျဉ်ခင်း၊ ဆိုင်ကယ် | ၄ | ၄% |
| အဆင့်အတင့်အဆင်ပြေ | မြေဧက (၁၀) ဧကအောက်၊နွား(၅) ကောင်၊ ရေစုပ်စက်၊ ဓားခုံ၊ မြေပဲခွဲစက်၊ ရိုးရိုးအိမ်၊ဆိုင်ကယ် | ၁၅ | ၁၄% |
| နည်းနည်းနွမ်းပါး | မြေဧက (၃.၅) ဧက၊ နွား(၄) ကောင်၊ ထရံကာ၊ တပိုင်တနိုင်မွေးမြူရေး၊ ဆိုင်ကယ် | ၃၀ | ၂၈% |
| အနွမ်းပါဆုံး | လယ်ယာမရှိ၊ လက်လုပ်လက်စား၊ ခေါင်းရွက်ဈေးသည်၊ တပိုင်တနိုင်မွေးမြူရေး | ၅၉ | ၅၄% |
| စုစုပေါင်း | | ၁၀၈ | ၁၀၀% |

**ဥစ္စာနေအင်အားပြသုံးသပ်ချက်**

ကျေးရွာတွင်းတွင် နွမ်းပါးသော အိမ်ထောင်စု (၅၉) အိမ်ထောင်စုရှိပါသည်။

ဆင်းရဲနွမ်းပါးရသည့် အဓိကအကြောင်းအရင်းမှာ လုပ်ကိုင် စားသောက်ရန်လယ်ယာမြေမရှိခြင်း ၊ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်း၊ နေ့စားကျဘမ်း လုပ်ငန်းများသာ လုပ်ကိုင်ကြရသောကြောင့် ပုံမှန် ဝင်ငွေမရှိဘဲ ကလေးများ၏ ပညာရေးကို အလေးမပေးနိုင်ခြင်း၊

ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် နွမ်းပါးသူတို့ကို အကျိုးပြုမည့်လုပ်ငန်းများ ရွေးချယ်ဆောင်ရွက်ရန်လိုအပ်ခြင်း၊

ကျေးရွာဖွံ့ဖြိုးတိုးတက်စေမည့် အစီအစဉ်များ နွမ်းပါးသော အိမ်ထောင်စု များတိုးတက်ကောင်းမွန်၍ ကျေးရွာတခုလုံး ဖွံ့ဖြိုးတိုးတက်စေမည့်အစီအစဉ်များမှာ-


၁။ ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း

၂။ ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း

၃။စာသင်ကျောင်းပြုပြင်ကာရံခြင်း

၄။စိုက်ပျိုးရေးနည်းစနစ်များ နှင့် မျိုးကောင်းမျိုးသန့်များရရှိရန်

## ၆.၂။ရာသီခွင်ပြ ပြက္ခဒိန်နှင့် သုံးသပ်ခြင်း




## ရာသီခွင်ပြဇယားသုံးသပ်ချက်

စိုက်ပျိုးရေးပေါ်မူတည်၍ အဓိကအသက်မွေးဝမ်းကျောင်းပြုကြသည်။ ပဲမျိုးစုံ ၊စပါး၊ ပဲဖြူပြား၊ ကုလားပဲ၊ မြေပဲ၊ မတ်ပဲ၊ပဲငပိ၊ပဲကြီး?နမ်း စသည့် သီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးနှင့် ပတ်သတ်ပြီး အဓိက ကြုံတွေ့ရသော အခက်အခဲ ပြဿနာ များမှာ ပိုးမွှားများ ကျရောက်ပြီး သီးနှံများ အရည်အသွေး လျော့ကျခြင်းတို့ကြောင့် **ပိုးမွှားများ အန္တရာယ်ကို နည်းစနစ်ကျကျ နှိမ်နင်းရန်** လိုအပ်ခြင်း၊ မိရိုးဖလာ သီးနှံများသာ စိုက်ပျိုးကြရပြီး သီးနှံများစိုက်ပျိုးချိန်တွင် စိုက်ပျိုးစရိတ်များ သော်လည်း ရောင်းချချိန်တွင် ဈေးကောင်းမရရှိခြင်းတို့ကြောင့် **အထွက်နှုန်းတိုးသည့် မျိုးကောင်း မျိုးသန့်** များ လက်လှမ်းမှီ ရရှိချင်ပါသည် ဟုဆွေးနွေးသိရှိခဲ့ရပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေး လုပ်ငန်းတွင် တစ်ရွာလုံး အမျိုးသမီး (၇၅%) ခန့် ပါဝင်ပါသည်ဟု ဆွေးနွေးသိရှိရပါသည်။ မွေးမြူရေးနှင့် ပတ်သတ်ပြီး ကျွဲ၊နွား၊မြင်း၊ဝက်တို့ကိုတပိုင်တနိုင်မွေးမြူရေး လုပ်ငန်းများ ရှိပြီး **မွေးမြူရေး နှင့် ပတ်သတ်ပြီး အစာရှားပါးခြင်း၊ တိရစ္ဆာန်အစာဈေးကြီးခြင်း** စသည်တို့ကိုကြုံတွေ့ရတတ်ပါ သည်ဟု ဆွေးနွေးသိရှိရပါသည်။

ရောဂတီမြစ်နှင့် နီးပြီး ဂါဆိုဂါခေါင် ရေဝင်သော ကာလများတွင် အလုပ်အကိုင်ရှားပါးပြီး ထိုကာလများတွင် တရပ်တကျေးသို့ သွားရောက်လုပ်ကိုင်သော **ရွှေ့ပြောင်းလုပ်သား**များ လည်းရှိပါ သည်။ရေလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုဝင်များလည်းရှိပါသည်။နွမ်းပါးသော အိမ်ထောင်စု အချို့သည်လည်း ၎င်းလုပ်ငန်းများ လုပ်ကိုင်၍ သော်လည်းကောင်း ၊ နေ့စားလုပ်ငန်းများ လုပ်ကိုင်၍ သော် လည်းကောင်း အသက်မွေး ဝမ်းကျောင်း ပြုလုပ်ကြပါသည်။ ကျေးရွာတွင်းရှိလူငယ်များ အလုပ်အကိုင်ရှားပါးသည့် အခက်အခဲ များကိုလည်း ဆွေးနွေးခဲ့ရပါသည်။ တပိုင်တနိုင် **အသက်မွေးဝမ်း ကျောင်းသင်တန်းများ ပို့ချပေးနိုင်လျှင်** တဖက်တလမ်းမှဝင်ငွေ ရရှိနိုင်ပါသည်ဟု ဆွေးနွေး သိရှိရပါသည်။လူတဦး၏ ပျမ်းမျှဝင်ငွေ ခန့်မှန်း၍မရပါ။ အလုပ်အကိုင်ပေါ်များချိန်တွင် တနစ်စာဝင်ငွေ ဖူလုံပြီး အလုပ် အကိုင်ရှားပါးချိန်တွင် မဖူလုံပါ။ ပုံမှန်မရှိပါ။

အမျိုးသမီးများ၏အသက်မွေးကျောင်းလုပ်ငန်းများမှာ ရေလုပ်ငန်းလုပ်ကိုင်ခြင်း၊ နေ့စားလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ခေါင်းရွက်ဈေးသည် များဖြစ်ပြီး အိမ်မှုကိစ္စများဆောက်ရွက်နေရသောကြောင့် ဝင်ငွေရရှိမှုနည်းပါးပါသည်။

အမျိုးသား အမျိုးသမီး လုပ်အားခ တန်းတူမရပါ။

အမျိုးသားများမှအိမ်မှုကိစ္စတွင်အမျိုးသမီးများအားတဖက်တလမ်းမှကူညီခြင်းဖြင့်လက်တွဲခေါ်နိုင်မည်။

**ကျေးရွာတွင်ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သောအချက်များမှာ**

-စိုက်ပျိုးရေးနည်းစနစ်များရရှိရန်နှင့် မျိုးကောင်းမျိုးသန့်ရရှိရန်ခက်ခဲခြင်း။

-ပိုးမွှားများကို နည်းစနစ်ကျကျ နှိမ်နင်းနိုင်မည့် နည်းစနစ်များ။

-စက်ယက္ကန်း၊လက်ယက္ကန်းနှင့် အိမ်တွင်းမှုသင်တန်းများ ၊ အလှပန်းထိုးသင်တန်းများ ရရှိနိုင်ရန်။

-အလုပ်အကိုင်အခွင့်အလမ်းများကို လက်လှမ်းမှီသိရှိနိုင်ရန်။

**၆.၃။ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ**




**အရင်းအမြစ်နှင့် လူမှုရေးပြမြေပုံ သုံးသပ်ချက်**

အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ရောဂါတီမြစ်နှင့် နီးပြီး ဂါဆို ဂါခေါင် ရေကြီးသော ကာလများတွင် မြစ်ရေများဝင်ရောက်တတ်ပြီး အချိန်မှီ သီးနှံများ မသိမ်းဆည်း နိုင်ပါက သီးနှံများ ပျက်စီးတတ်ပါသည်။ ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများ ဖြစ်၍ မိုးရာသီနှင့် **ရေကျသွားချိန်တွင် ရွံ့ဗွက်များဖြင့် သွားလာရေး အဆင်မပြေသည့် အခက်အခဲ** ကြောင့် ကျေးရွာတွင်းကျောက်ချော လမ်း များ ခင်းနိုင်လျှင်ပိုကောင်းမည်ဟု သိရှိရပါသည်။ကျေးရွာ တွင် ဆေးခန်းမရှိသဖြင့် ကျန်းမာရေးကိစ္စများအရေးတကြီး ပေါ်ပေါက်လျှင် စိုးရိမ် ရပါသည်။ ယခုလက်ရှိ သာမန်ကျန်းမာရေး အခြေအနေများကို ခေါင်းခွဲ ကျေးရွာရှိ ကျေးလက် ကျန်းမာရေး

ဆေးခန်းသို့သွားရောက်ကြရပါသည်။ကျန်းမာရေးအရေးကြီးကိစ္စ များပေါ်ပေါက်လျှင် စိုးရိမ်ရသော ကြောင့် **ကျေးလက် ဆေးပေးခန်းတည်ဆောက်ပေးစေချင်ပါသည်ဟု** ဆွေးနွေးသိရှိခဲ့ရ ပါသည်။

ကျေးရွာတွင် မီးလင်းရေးနှင့် ပတ်သတ်ပြီး လူထုဗဟိုပြုစီမံကိန်း ဒုတိယနစ် စက်ဝန်းတွင် လျှပ်စစ် မီးလင်းရေး ကို ဆောင်ရွက်ခဲ့ပါသည် ။ သို့သော် ကျေးရွာတွင် **လျှပ်စစ်မီးသည် လမ်းများအားလုံးအား ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့်အတွက်** သက်ကြီးရွယ်အိုများနှင့် ကလေး သူငယ်များ ညအခါတွင် သွားလာရေး အဆင်မပြေခြင်း၊ ကလေးများ စာကြည့်ရာတွင် ဖယောင်းတိုင်မီး၊ ဘတ္တရီအိုးမီးဖြင့် စာကြည့်ရ ၍ မီးဘေးအန္တရာယ်စိုးရိမ်ရခြင်းတို့ကြောင့် ကျေးရွာတွင်းလမ်းမီးများ ပြည့်စုံပြီး အိမ်တိုင်း လျှပ်စစ်မီး ရရှိချင်ပါသည် ဟု ဆွေးနွေးသိရှိရပါသည်။ အုပ်ချုပ် ရေးမှူး ရုံးမရှိသည့်အခက်အခဲကြောင့် ကျေးရွာတွင် မြို့နယ်မှ လူကြီးများ လာရောက်သည့်အခါ နေရာထိုင်ခင်း အဆင်မပြေသည့် အခက်အခဲ ကြောင့် အုပ်ချုပ်ရေးမှူးရုံးလည်း ရရှိချင်ပါသည်ဟု ဆွေးနွေး သိရှိရပါသည်။ ကျေးရွာတွင် သောက်သုံး ရေကို လက်လှုပ်ရေတွင်း ၊ စက်ရေတွင်းများမှ ဖူလုံစွာရရှိ သော်လည်း သောက်သုံးရေတွင် သံချေးနံ နံသဖြင့် ကျန်းမာရေး အတွက် အဆင်မပြေ သည့်အခက်အခဲကြောင့် **ရေသန့်စက်များ တပ်ဆင်ပြီး သောက်သုံးရေသန့်** ရရှိချင်ပါသည်ဟု ဆွေးနွေး သိရှိရပါသည်။ ကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်းရှိပြီး အမိုးပြုပြင်ခြင်းနှင့် မျက်နှာကျက်တပ်ဆင်ခြင်းကို လူထုဗဟိုပြု ပထမနစ်စီမံကိန်း စက်ဝန်း တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်၊ သို့သော် ကျောင်းခြံစည်းရိုး မရှိသည့်အတွက် ကလေးများ ပညာ သင်ကြားရာတွင် ကျွဲ ၊ နွား တိရစ္ဆာန်များ ဝင်ရောက်နိုင်ပြီး လုံခြုံမှုမရှိသည့် အခက်အခဲများကြောင့် **စာသင် ကျောင်းခြံစည်းရိုး** ပြုလုပ်နိုင်လျှင် ကလေးသူငယ်များ လုံခြုံစိတ်ချစွာ ပညာ သင်ကြား နိုင်ပြီး မိဘများလည်း စီးပွားရေး ၊ လူမှုရေး ကိစ္စများ စိတ်ချစွာ ပြုလုပ်နိုင်မည်ဟု သိရှိ ရပါသည်။ အလယ်တန်းကျောင်းခွဲ မရှိသည့်အတွက် ကျေးရွာရှိကလေးများ ခေါင်းခွဲကျေးရွာသို့ သွားရောက် ပညာသင်ကြားရသည့်အခက်အခဲကြောင့် အလယ်တန်းကျောင်းခွဲ ရှိချင်ပါသည်ဟု သိရှိရပါသည်။ ကျေးရွာတွင်းတွင် လူတန်းစားအမျိုးမျိုး ပြန့်ကျဲစွာနေထိုင်ပြီး ကျေးရွာတစ်ရွာလုံး ဗုဒ္ဓဘာသာကို ကိုးကွယ် ကြပါသည်။

**ကျေးရွာတွင်ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သောအချက်များ**

-ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်း

-လျှပ်စစ်မီးကြိုးတိုးချဲ့သွယ်တန်းခြင်း

-ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

-ရေသန့်စက်တည်ဆောက်ခြင်း

-အမှတ်(၂) အ.မ.က ကျောင်းခြံစည်းရိုးကာရံခြင်း

-အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း

-အလယ်တန်းကျောင်းခွဲတည်ဆောက်ခြင်း

**၆.၄။ပင်းပုံစံကို အသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်**



**အဖွဲ့အစည်းချိတ်ဆက်ဆောင်ရွက်မှုဇယားသုံးသပ်ချက်**

ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးသည် ကျေးရွာတွင်းအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ကျေးရွာလုံခြုံမှုရှိစေရန် အုပ်ချုပ်ရေးတို့တွင်အဓိကဆောင်ရွက်သည်။

လူထုဗဟိုပြုစီမံကိန်း နှင့် ပက်မြန်မာငွေစုငွေချေးအဖွဲ့များသည် ကျေးရွာလူထုနှင့် အဓိကပူးပေါင်းပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိက ထားလုပ်ဆောင်ပါသည်။


ကာလသား အဖွဲ့၊အမျိုးသမီး အဖွဲ့၊ မီးသတ်အဖွဲ့ ၊ဂတ်ရွတ်သင်းအဖွဲ့၊ မြတ်စေတနာ လူမှုကူညီရေးအဖွဲ့ ၊ ချက်ပြုတ်အသင်း စသည့်အဖွဲ့အစည်းများလည်းရှိပါသည်။

ပညာရေးနှင့်ပတ်သတ်ပြီး ကျောင်းကော်မတီမှ ဆောင်ရွက်ပေးပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးသည် တိုက်နယ်ရဲစခန်း ၊မြို့နယ်လျှပ်စစ်၊တိုက်နယ်ကျန်းမာရေး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်သည်။ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး ၊လမ်း၊ တံတား၊ ရေပေးရေး တို့တွင် အုပ်ချုပ်ရေးမှူးမှတဆင့် ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်သည်။ ကျေးရွာလူထု အဖွဲ့အစည်း များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီး အရေးပေါ်အခြေအနေတွင် မြို့နယ်နှင့် ချိတ်ဆက်ဆောင်ရွက်သည်။

စိုက်ပျိုးရေးနည်းပညာများရရှိရန်၊မျိုးကောင်းမျိုးသန့်များရရှိရန်၊အိမ်တွင်းမှုသင်တန်းများရရှိရန်အသိပညာဗဟုသုတများရရှိရန်သက်ဆိုင်ရာဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပိုမိုချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ပါသည်။


**၆.၅။ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ခြင်း**



## ပင့်ကူအိမ်သုံးသပ်ချက်

အမျိုးသမီးများသည် ပညာရေး ၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ ဦးဆောင်နိုင်မှု ၊ အလုပ်အကိုင် အခွင့်အလမ်း ၊ စွမ်းဆောင်ရည် ၊ အဖွဲ့အစည်းများတွင်ပါဝင်ဆောင်ရွက်မှု၊ အားနည်းပါသည်ဟု ဆွေးနွေးသိရှိ ရပါသည်။ ဝင်ငွေရရှိမှုတွင် အမျိုးသာ အမျိုးသမီး တန်းတူ ညီမျှရှိသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများ အနေဖြင့် စျေးရောင်းခြင်း၊ ရေလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့်လည်း ဝင်ငွေရရှိကြပါသည်။အမျိုးသား အမျိုးသမီးတို့၏ ကွာခြားချက်များကို ဆွေးနွေးသိရှိခဲ့ရပြီး စီမံကိန်း ၏ ကျားမရေးရာ တန်းတူညီမျှမှု အကြောင်းဆွေးနွေး ၍ အမျိုးသားများ အနေဖြင့် အမျိုးသမီးများကို အိမ်မှုကိစ္စများ ကူညီလုပ်ကိုင် ပေးခြင်း၊ စီးပွားရေး လူမှုရေး ကိစ္စများတွင် တိုင်ပင်၍ ဆုံးဖြတ်ချက်များ ရယူခြင်း စသည်တို့ဖြင့် လက်တွဲ ခေါ်ယူသွားကြရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ရပါသည်။

## ၆.၆။သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယားနှင့် သုံးသပ်ချက်



**အရင်းအမြစ်များအသုံးပြုခြင်းနှင့် ထိန်းချုပ်ခြင်းဇယားသုံးသပ်ချက်**

လယ်ထွန်စက်၊ ကျွဲ ၊နွား ၊ မြင်း တို့ကို အမျိုးသားများ အသုံးပြုပြီး သူတို့ကိုယ်တိုင် ထိန်းချုပ်အပ်ချုပ်စက် ၊စျေးဆိုင်၊အမျိုးသမီးသုံးစွဲ - အမျိုးသမီး ထိန်းချုပ်လယ်ယာမြေ၊ ချောင်း၊ အင်း၊ ရေတွင်း၊ စာသင်ကျောင်း - အမျိုးသား၊ အမျိုးသမီး သုံးစွဲ / အမျိုးသားများ ထိန်းချုပ်အမျိုးသမီးများ အား ဆုံးဖြတ်ချက်ချစေခြင်း၊ စီမံကိန်းလုပ်ငန်းတွင် ကိုယ်တိုင်ခေါင်းဆောင်၍ ဆောင်ရွက်စေခြင်းဖြင့် လုပ်ငန်း စွမ်းဆောင်ရည်မြင့် တက်စေပါသည်။

**၆.၇။ အောင်ချမ်းသာကျေးရွာ အမျိုးသား၊ အမျိုးသမီးတင်ပြသော အခက်အခဲပြဿနာများ ၊မျှော်မှန်းချက်များ နှင့် ကျေးရွာဖွံဖြိုးရေးလုပ်ငန်းစဉ်များ**

**အမျိုးသားများတင်ပြသောအခက်အခဲများ**

၁။ကျေးရွာတွင်းလမ်းများ သွားလာရေးခက်ခဲခြင်း

၂။ကျန်းမာရေးအတွက် လုံခြုံစိတ်ချရမှု မရှိခြင်း

၃။လျှပ်စစ်မီးမရှိသည့်အခက်အခဲ

၄။အုပ်ချုပ်ရေးမှုးရုံးမရှိသည့်အခက်အခဲ

၅။သောက်သုံးရေတွင် သံချေးနံ့နံ သည့် အခက်အခဲ

၆။မူလတန်းကျောင်းခြံစည်းရိုး မရှိသည့်အခက်အခဲ

၇။စိုက်ပျိုးရေးနှင့်ပတ်သတ်၍ နည်းပညာရရှိရန်ခက်ခဲခြင်းနှင့် မျိုးကောင်းမျိုးသန့်ရရှိရန်ခက်ခဲခြင်း

၈။ပိုးမွှားအန္တရာယ် ကျရောက်ပြီး သီးနှံများ ဈေးကောင်းမရသည့်အခက်အခဲ

၉။အလုပ်အကိုင်ရှားပါးသည့်အခက်အခဲ

**အမျိုးသမီးများတင်ပြသောအခက်အခဲပြဿနာများ**

၁။ကျေးရွာတွင်းလမ်းများ သွားလာရေးခက်ခဲခြင်း

၂။ကျန်းမာရေးအတွက် ဆေးပေးခန်းမရှိသည့်အခက်အခဲ

၃။အလယ်တန်းကျောင်းခွဲ မရှိသည့်အခက်အခဲ

၄။စာသင်ကျောင်းခြံစည်းရိုး မရှိသည့်အခက်အခဲ

၅။အုပ်ချုပ်ရေးမှူးရုံးမရှိသည့်အခက်အခဲ

၆။စိုက်ပျိုးရေးနှင့်ပတ်သတ်၍ နည်းပညာရရှိရန်ခက်ခဲခြင်းနှင့် မျိုးကောင်းမျိုးသန့်ရရှိရန်ခက်ခဲခြင်း

၇။ပိုးမွှားများကျရောက်မှုကြောင့် စိုက်ပျိုးစရိတ်ကြီးပြီး သီးနှံဈေးမကောင်းသည့်အခက်အခဲ

၈။အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း

**အမျိုးသားများတင်ပြသောမျှော်မှန်းချက်များ**

၁။ကျေးရွာတွင်းလမ်းများ ရာသီမရွေးသွားလာရေး ကောင်းမွန်ရမည်။

၂။ကျန်းမာရေးအတွက် လုံခြုံစိတ်ချမှုရှိရမည်။

၃။ကျေးရွာတွင်း အိမ်တိုင်း လျှပ်စစ်မီးရှိရမည်။

၄။အုပ်ချုပ်ရေးမှူးရုံးရှိရမည်။

၅။ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံရမည်။

၆။ကလေးများ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရမည်။

၇။စိုက်ပျိုးရေးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များရရှိပြီး သီးနှံများအထွက်တိုးရမည်။

၈။ပိုးမွှားများကို နည်းစနစ်ကျကျနှိမ်နင်းနိုင်ရမည်။

၉။အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူငယ်များကိုယ်ပိုင်လုပ်ငန်းကိုယ်စီရှိရမည်။

**အမျိုးသမီးများတင်ပြသော မျှော်မှန်းချက်များ**

၁။ကျေးရွာတွင်းလမ်းများ ကျောက်ချောလမ်းအဆင့်မြင့်ပြီးသွားလာရေးအဆင်ပြေရမည်။

၂။ကျေးလက်ဆေးပေးခန်းရှိပြီး ဆရာ ဆရာမ များ ပြည့်စုံရမည်။

၃။အလယ်တန်းကျောင်းခွဲရှိရမည်။

၄။အမှတ်(၂) မူလတန်းကျောင်းခြံစည်းရိုး အုတ်တံတိုင်းဖြစ်ပြီး ကလေးများ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရမည်။

၅။အုပ်ချုပ်ရေးမှူးရုံးရှိရမည်။

၆။စိုက်ပျိုးရေးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များရရှိပြီး သီးနှံများအထွက်တိုးရမည်။

၇။ပိုးမွှားများကို နည်းစနစ်ကျကျ နှိမ်နင်းနိုင်ပြီး သီးနှံများ ဈေးကောင်းရရမည်။

၈။အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူငယ်များကိုယ်ပိုင်လုပ်ငန်းကိုယ်စီရှိရမည်။

**အမျိုးသားများတင်ပြသောဖွံ့ဖြိုးရေးလုပ်ငန်းများ**

၁။ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်း

၂။ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း

၃။စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း

၄။ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးလုပ်ဆောင်ခြင်း

၅။အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း

၆။ရေသန့်စက်တည်ဆောက်ခြင်း

၇။စိုက်ပျိုးရေးလုပ်ငန်းများ နည်းစနစ်ကျကျစိုက်ပျိုးနိုင်ရန်နှင့် မျိုးကောင်းမျိုးသန့်ရရှိရန်

၈။ပိုးမွှားများကိုနည်းစနစ်ကျကျနှိမ်နင်းနိုင်ရန်

၉။အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်

**အမျိုးသမီးများတင်ပြသောဖွံ့ဖြိုးရေးလုပ်ငန်းများ**

၁။ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်း

၂။ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း

၃။အလယ်တန်းကျောင်းခွဲ တည်ဆောက်ခြင်း

၄။စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း

၅။အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း

၆။စိုက်ပျိုးရေးလုပ်ငန်းများ နည်းစနစ်ကျကျစိုက်ပျိုးနိုင်ရန်နှင့် မျိုးကောင်းမျိုးသန့်ရရှိရန်

၇။ပိုးမွှားများကိုနည်းစနစ်ကျကျနှိမ်နင်းနိုင်ရန်

၈။စက်ယက္ကန်း၊ လက်ယက္ကန်း နှင့် အိမ်တွင်းမှုသင်တန်းများ အလှပန်းထိုးသင်တန်းများ နှင့် စားသောက်ကုန်လုပ်ငန်းသင်တန်းများ

**အောင်ချမ်းသာကျေးရွာအမျိုးသား၊အမျိုးသမီးများဦးစားပေးရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ**

၁။ကျေးရွာတွင်းလမ်းများ ကျောက်ချောလမ်းခင်းခြင်း

၂။ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

၃။အမှတ်(၂) စာသင်ကျောင်း ခြံစည်းရိုးကာရံခြင်း

၄။ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးလုပ်ဆောင်ခြင်း

၅။အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း

၆။ရေသန့်စက်တည်ဆောက်ခြင်း

၇။အလယ်တန်းကျောင်းခွဲတည်ဆောက်ခြင်း။

၈။စိုက်ပျိုးရေးလုပ်ငန်းများ နည်းစနစ်ကျကျစိုက်ပျိုးနိုင်ရန်နှင့် မျိုးကောင်းမျိုးသန့်ရရှိရန်။

၉။ပိုးမွှားများကိုနည်းစနစ်ကျကျနှိမ်နင်းနိုင်ရန်။

၁၀။စက်ယက္ကန်း၊ လက်ယက္ကန်း နှင့် အိမ်တွင်းမှုသင်တန်းများ အလှပန်းထိုးသင်တန်းများ နှင့် စားသောက်ကုန်လုပ်ငန်းသင်တန်းများ။

**ကျေးရွာမျှော်မှန်းချက်မှရရှိလာသောအကျိုးရလဒ်များ**

| | |
|---|---|
| ကျေးရွာ၏ မျှော်မှန်း ချက် | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီးစီးပွားရေး၊လူမှုရေး၊ပညာရေး၊ကျန်းမာရေးများတိုး တက်ကောင်းမွန်လာရမည်။လျှပ်စစ်မီးရရှိပြီးအချိန်မရွေးသွားလာနိုင်ကာ၊ စိုက်ပျိုးရေး၊မွေးမြူရေး၊အိမ်တွင်းမှု အသက် မွေးဝမ်းကျောင်း နည်းပညာများကို အချိန်နှင့်တပြေးညီ သိရှိနိုင်လာရမည်။ |

| | |
|---|---|
| အနာဂတ်တွင်ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်ရန်ကျေးရွာသားများ၏မျှော်မှန်းထားရှိမှု | လူထုဗဟိုပြုစီမံကိန်းမှတိုက်ရိုက်ထောက်ပံ့ငွေကိုအသုံးချပြီးသဘာဂဗေဒပညာရေး၊ ရွာတွင်းလမ်းများကောင်းမွန်လာစေရန်နှင့်လျှပ်စစ်မီးများရရှိလာလျှင်အလင်းရောင်ရရှိလာမည်ဖြစ်သည်။ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပြီး ကျန်းမာရေးစိတ်ချချင်သည်။ အကောင်ထည်မဖော်နိုင်သောလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနဲ့ချိတ်ဆက်လုပ်ကိုင်မှုများ ပြုလုပ်မည်။မြို့နယ် အတွင်းသို့ အစိုးရမဟုတ် သောအဖွဲ့အစည်းများဝင်ရောက်မှုများရှိပါက ကျေးရွာလိုအပ်ချက်များကို တင်ပြ၍အကူအညီတောင်းခံများပြုလုပ်မည်ဖြစ်ပါသည်။ |

**လုပ်ဆောင်မှုများ**

ကျေးရွာအတွင်းရှိ စီမံကိန်းလုပ်ငန်းခွဲများအတွက် အဓိက ဦးစားပေး ပြဿနာများ ဖော်ထုတ်ရာတွင် အမျိုးသားများ၊အမျိုးသမီး များ တင်ပြလာသော အခက်အခဲများကို စုပေါင်း၍ ဦးစားပေးလုပ်ငန်းအဖြင့် အဆင့်သတ်မှတ်၍ကျေးရွာလူထု၏သဘောတူညီဖြင့်လုပ်ငန်းများကိုဦးစားပေးရွေးချယ်ပါသည်။အမျိုးသားများတင်ပြလာသောပြဿနာများနှင့်အမျိုးသမီးများတင်ပြလာသောပြဿနာများကိုပေါင်း၍ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ပါသည်။

**အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ**

**၁။အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

စီမံကိန်းပထမနှစ်အတွက်ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန်ဖိတ်ကြားရာတွင်အမျိုးသမီးများအချိုးညီစွာပါဝင်ရန်ကျေးရွာတာဝန်ရှိသူများနှင့်အုပ်ချုပ်ရေးမှူးထံသို့ပြောကြားခဲ့ပါသည်။အစည်းအဝေးတိုင်းတွင်အမျိုးသမီးများပြောကြားလိုသောအချက်များကိုလွတ်လပ်ပွင့်လင်းစွာပြောကြားနိုင်ကြောင်းကိုလည်းအသိပေးထားပါသည်။ကျေးရွာအုပ်စုအဆင့်တွင်နှစ်စဉ်ပြုလုပ်သောလုပ်ငန်းများတွင်အမျိုးသမီးများတင်ပြတောင်းဆိုသောလုပ်ငန်းတခုပါဝင်မည်ဖြစ်ကြောင်းကိုလည်းပြောကြားခဲ့ပါသည်။လုပ်ငန်းခွဲများအကောင်အထည်ဖော်ဆောင်ရွက်သောလုပ်ငန်းဖြစ်ပါကတူညီသောလုပ်ငန်းအတွက်တူညီသောလုပ်ခလစာများရှိမည်ကိုလည်းပြောကြားခဲ့ပါသည်။စီမံကိန်းတွင်အမျိုးသမီး/သားခွဲခြားမှုများမရှိစေရန်ရည်ရွယ်ထားသည်ကိုလည်းပြောကြားမှုပြုလုပ်ခဲ့သည်။အမျိုးသမီးများ၏ဦးဆောင်နိုင်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်များတိုးတက်လာစေရန်အတွက်ကော်မတီများထဲတွင်အမျိုးသမီးများ(၅ဝ%)ပါဝင်ရမည်ဖြစ်သည်။ဆပ်ကော်မတီတခုတိုင်းတွင်လည်းအနည်းဆုံးအမျိုးသမီးတဦးပါဝင်ရမည်ဖြစ်ပါသည်။ကော်မတီဝင်အမျိုးသမီးများသည်တင်ပြဆွေးနွေးမှုများပြုလုပ်ခြင်း၊ဆုံးဖြတ်ချက်များချခြင်းများပြုလုပ်ရမည်ဖြစ်ပါသည်။အမျိုးသားများမှလည်းကူညီပံ့ပိုးပေးရမည်ဖြစ်ပါသည်။ဒုတိယအကြိမ်အစည်းအဝေးများတွင်အမျိုးသမီးများသည်လိုအပ်ချက်အခက်အခဲများကိုလွတ်လပ်စွာဆွေးနွေးနိုင်ရန်အမျိုးသမီးသီးသန့်အုပ်စုများဖွဲ့ပြီးအခက်အခဲများဖော်ထုတ်ခြင်းကိုလည်းလုပ်ကိုင်ခဲ့ပါသည်။

၂။ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကျွာအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

ကျေးရွာ/ကျေးရွာအုပ်စုအမည်-အောင်ချမ်းသာကျေးရွာ/ခေါင်းခွဲကျေးရွာအုပ်စု

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | χ | |
| ၁။ | အစည်းအဝေးတက်ရောက်လူသူများအားကျားမရေးရာအခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂။ | စီမံကိန်းပါဝင်သော ကျားမရေးရာ အကောင်အထည်ဖော်ရေးလိုအပ်ချက်(၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃။ | အစည်းအဝေးခေါ်ယူရာတွင်အမျိုးသား/သမီးများ အချိုးညီစွာတက်ရောက်နိုင်ရေးအတွက်အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုးရှိခဲ့ပါသလား။ | √ | | |
| ၄။ | အမျိုးသမီးများ၏စကားသံများပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ ပါသလား။ | √ | | |
| ၅။ | ဆပ်ကော်မတီဖွဲ့များ ဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့် ပါဝင်ဖွဲ့စည်းရေးပူးပေါင်းပါဝင်ရေး ဦးဆောင်နိုင်ရေးအတွက် တွန်းအားပေးကူညီဆောက်ရွက်ခဲ့ပါသလား။ | √ | | |
| ၆။ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့် နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောက်ရွက်ခြင်းများတို့ကို လုပ်ဆောင်ခဲ့ပါသလား | √ | | |
| ၇။ | လူနည်းစု၊ဆင်း၊နွမ်းပါး၊ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မှီ အချိန်များ က ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများထဲမှအချို့ကိုအစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/အမျိုးသမီးများနှင့် ကြုံတွေ့နေရ သောအခက်အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀။ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ကြိုတင်စီစဉ်ဆောင်ရွက်မှု မျိုးများဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁။ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင် | √ | | |

| | | | | |
|---|---|---|---|---|
| | အမျိုးသား/သမီးများသီးခြားဆွေးနွေး ဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | | | |
| ၁၂။ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀း၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃။ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄။ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးသည့် လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅။ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆။ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/ နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခြင်း၊မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက်ကော်မတီဝင်များကို ကျားမရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက်ကော်မတီဝင်များ အားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | √ | | |

**၇။အမျိုးသားများ၏ အခက်အခဲ ပြဿနာ မျှော်မှန်းချက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဆွေးနွေးနေသော မှတ်တမ်းဓါတ်ပုံ**



လက်ထောက်နည်းပညာမှူးမှ စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရန် ဆွေးနွေးရှင်းပြနေသော မှတ်တမ်းဓါတ်ပုံ






ပြုစုသူ

ဒေါ်ခင်စုနိုင် (လူထုစည်းရုံးရေးမှူး)

**ကျေးရွာ စီမံကိန်းအထောက်အကူပြု ကော်မတီဖွဲ့စည်းပုံ နှင့် ကော်မတီဝင်များ**



**<u>အောင်ချမ်းသာ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဝင်များစာရင်း</u>**

**<u>စေတနာ့ ဝန်ထမ်း</u>**

အဖွဲ့ဝင် = ဦးဌေးလွင်
အဖွဲ့ဝင် = ဒေါ်ညိုမြ (09-47227680)

**<u>စီမံကိန်း အထောက်အကူပြုကော်မတီ</u>**

ဥက္ကဌ = ဦးဌေးကျော် (09-792703548 / 09-256471481)

အဖွဲ့ဝင် = ဒေါ်မြင့်မြင့်နိုင် (09-97321803)

အဖွဲ့ဝင် = ဒေါ်ရင်ဆွေ

**<u>ကျေးရွာစာရင်းကိုင်</u>**

အမျိုးသား = ဦးဇင်မင်းဦး (09-792904214)

အမျိုးသမီး = ဒေါ်စန္ဒာဦး (09-798536177)

**<u>ဝယ်ယူရေး ကော်မတီ</u>**

ခေါင်းဆောင် = ဦးမြင့်သန်း (09-779185068)

အဖွဲ့ဝင် = ဦးဆန်းထွန်း (09-791368446)

အဖွဲ့ဝင် = ဒေါ်ကြည်ကြည်မာ (09-261074910)

**<u>လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းရေး ကော်မတီ</u>**

ခေါင်းဆောင် = ဒေါ်ရွှေစင်အိ

အဖွဲ့ဝင် = ဦးသိန်းဆင့်

အဖွဲ့ဝင် = ဦးစိုးဝင်း (09-774769336)

**<u>စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ</u>**

ခေါင်းဆောင် = ဒေါ်မြတ်မြတ်သင်း (09-456639399)

အဖွဲ့ဝင် = ဦးသန်းထွန်း

အဖွဲ့ဝင် = ဒေါ်အိအိမာ

**<u>ဝေဖန်အကြံပြုတိုင်ကြားရေး တာဝန်ခံ</u>**

အဖွဲ့ဝင် = ဦးတင်မင်း (09-776246176)

အဖွဲ့ဝင် = ဒေါ်စန်းစန်းနွယ် (09-259732168)

# ၈။ ကျေးရွာအခြေခံအချက်အလက်

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|
| ဦးတင်မြင့် | | 09-776246176 | ဒေါ်ခင်စုနိုင် |
| ပြည်နယ်၊တိုင်းဒေသကြီး စစ်ကိုင်း | မြို့နယ် ပြောင်း | ကျေးရွာအုပ်စု ဒေါင်းချွဲ | ကျေးရွာ ကောင်းချုပ်.၁၁၁ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၁၀၈ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၁၀၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၅ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ | ၂၃၁ | ၂၀၆ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၉၁ | ၁၇ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| *မှတ်ချက်* | | | | *မှတ်ချက်* | | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| [illegible]က်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း (မော်တော်ဆိုင်ကယ်လမ်း)
ကျောက်ခင်းလမ်း (မြေသားလမ်း) (လူသွားလမ်း) အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၂ မိုင်/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----၃ မိနစ်---- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်-----၅ မိနစ်----------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ မြစ်ရေကြီးခြင်း

**(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) Pact Myanmar

(၂) ----------------------------

**(ည) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးတင်မြင့်

လက်မှတ် [signature] နေ့စွဲ 18.9.17

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်နုနိုင်

လက်မှတ် [signature] နေ့စွဲ 18.9.17

## ၄။ စီမံကိန်း စက်ဝန်း အချိန်ဇယား

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၊၉.၉.၂၀၁၅

ပုံစံ စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်-သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ အတွက်ဤပုံစံကိုဖြည့်သွင်းရမည်။ | စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီ | ပြီးစီးတိုင်းကျေးရွာနှင့် | ကျေးရွာအုပ်စု |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ခင်စုနိုင် | | | |
| နေ့စွဲ - 19 / 9 /2017 | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း - စစ်ကိုင်းတိုင်း | မြို့နယ် - မြောင် | ကျေးရွာအုပ်စု - ခေါင်းခွဲ | ကျေးရွာ - အောင်ချမ်းသာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက်နှင့် လူမျိုးစုအမည် |
| ၁. ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 18.9.17 | 18.9.17 | 36 | 51 | 87 | 87 \| ဗမာ |
| ၂. ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 20.9.17 | 20.9.17 | 35 | 46 | 81 | 81 \| ဗမာ |
| ၃. ကျေးရွာအုပ်စု လုပ်ငန်း ဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | 20.9.17 | 20.9.17 | 13 | 11 | 24 | 24 \| ဗမာ |
| ၄. မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | 13.12.17 | 13.12.17 | မလို | မလို | မလို | မလို |
| ၅. မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော် ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့်အစည်းအဝေး | 14.12.17 | 14.12.17 | 28 | 44 | 72 | 72 \| ဗမာ |
| ၆. စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 19.12.17 | 19.12.17 | 30 | 44 | 74 | 74 \| ဗမာ |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 19.12.17 | 19.12.17 | 8 | 6 | 14 | 14 \| ဗမာ |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | | |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 19.12.17 | 19.12.17 | 30 | 44 | 74 | 74 | ဗလာ |
| ၆.၄။ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 19.12.17 | 19.12.17 | 30 | 44 | 74 | 74 | ဗလာ |
| ၇. စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် လစဉ်အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈. စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉. လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ၁၀။ ကျေးရွာ ဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်*၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်ဇူနိုင် | | | |
| နေ့စွဲ ၂၀.၉.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြောင် မြို့နယ် | ကျေးရွာအုပ်စု ဒေါင်းဦး | ကျေးရွာ ဒေါင်းချမ်းသာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများ သွားလာရေးခက်ခဲခြင်း | ၁ | ရွာတွင်းလမ်းများသွားလာမှု ခက်ခဲခြင်း |
| ၂ | ကျန်းမာရေးအတွက် လုံခြုံစိတ်ချရမှုမရှိခြင်း | ၂ | ကျန်းမာရေး ဆေးပေးခန်း မရှိသည့် အခက်အခဲ |
| ၃ | လျှပ်စစ်မီး မရှိသည့် အခက်အခဲ | ၃ | အလယ်တန်းကျောင်းခွဲ မရှိသည့် အခက်အခဲ |
| ၄ | အုပ်ချုပ်ရေးရုံး မရှိသည့် အခက်အခဲ | ၄ | အသင်ကျောင်း ဖြစ်စည်းရုံး မရှိသည့် အခက်အခဲ |
| ၅ | သောက်သုံးရေ မသန့်သည့် အခက်အခဲ (သံဓာတ် ပါဝင်မှုရှိ) | ၅ | အုပ်ချုပ်ရေးရုံး မရှိသည့် အခက်အခဲ |
| ၆ | မူလတန်းကျောင်း ဖြစ်စည်းရုံး မရှိသည့် အခက်အခဲ | ၆ | စိုက်ပျိုးရေး အတွက် သိတတ် နည်းပညာ ရရှိရန် ခက်ခဲခြင်း နှင့် ဈေးကောင်းရ ရရှိရန် ခက်ခဲခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကာသီမဆွေး ရွာတွင်းလမ်းများ သွားလာရေး ကောင်းမွန်ရမည်။ | ၁ | ကျေးရွာတွင်း လမ်းများ ကျောက်ချောလမ်း ဖြစ်ရမည်။ |
| ၂ | ကျန်းမာရေး အတွက် လုံခြုံစိတ်ချမှု ရှိရမည်။ | ၂ | ကျန်းမာရေး ဆေးပေးခန်း ရှိပြီး ဆရာ၊ ဆရာမ များ ရှိ ရမည်။ |
| ၃ | ကျေးရွာတွင်း လျှပ်စစ်မီး ရရှိရမည်။ | ၃ | အလယ်တန်းကျောင်းခွဲ ရှိရမည်။ |
| ၄ | အုပ်ချုပ်ရေး ရုံး ရှိရမည်။ | ၄ | အမှတ်(၂) မူလတန်းကျောင်း ဖြစ်သည့် အဆင့်တိုး ဖြစ်ရမည်။ |
| ၅ | ကျေးရွာ သန့်ရှင်းသော သောက်သုံးရေ ရရှိရမည်။ | ၅ | အုပ်ချုပ်ရေးရုံး ရှိရမည်။ |
| ၆ | ကလေးများ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရမည်။ | ၆ | သီးနှံများ အတွက် အရင်းကောင်းပြီး ဈေးကောင်း ရရမည်။ |

| အမျိုးသား အခက်အခဲ အတားအဆီးများ | အမျိုးသမီး အခက်အခဲ အတားအဆီးများ |
| --- | --- |
| ၁။ စိုက်ပျိုးရေးနှင့် ပတ်သက်၍ နည်းပညာ ရရှိရန် ခက်ခဲခြင်းနှင့် ၊ မျိုးကောင်းမျိုးသန့် ရရှိရန် ခက်ခဲခြင်း | ၁။ ပိုးမွှားများ ကျရောက်မှုကြောင့် စိုက်ပျိုး စရိတ်ကြီးပြီး သီးနှံဈေး မကောင်းသည့် အခက်အခဲ |
| ၂။ ပိုးမွှား အန္တရာယ် ကျရောက်ပြီး သီးနှံများ ဈေးကောင်း မရသည့် အခက်အခဲ | ၂။ အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း |
| ၃။ အလုပ်အကိုင်ရှားပါးသည့် အခက်အခဲ | |

| အမျိုးသား မျှော်မှန်းချက်များ | အမျိုးသမီး မျှော်မှန်းချက်များ |
| --- | --- |
| ၁။ စိုက်ပျိုးရေး နည်းပညာများ နှင့် မျိုးကောင်းမျိုးသန့်များ ရရှိပြီး သီးနှံများ အထွက်တိုး ရမည်။ | ၁။ ပိုးမွှားများကို နည်းစနစ်ကျကျ နှိမ်နှင်းနိုင်ပြီး သီးနှံများ ဈေးကောင်း ရရမည်။ |
| ၂။ ပိုးမွှားများကို နည်းစနစ်ကျကျ နှိမ်နှင်း နိုင်ရမည်။ | ၂။ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး လူငယ်များ ကိုယ်ပိုင်လုပ်ငန်း ကိုယ်စီ ရှိရမည်။ |
| ၃။ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး လူငယ်များ ကိုယ်ပိုင်လုပ်ငန်း ကိုယ်စီ ရှိရမည်။ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာတွင်း လမ်းများ ကျောက်ချော လမ်းခင်းခြင်း | ကျား + မ | ၇,၀၀,၀၀၀ | ၄၅၀ |
| ၂ | ကျေးလက်ဆေးပေးခန်း | ကျား + မ | | ၄၅၀ |
| ၃ | အမှတ် (၂) စာသင်ကျောင်း ခြံစည်းရိုး ကာရံခြင်း | ကျား + မ | | ၄၅၀ |
| ၄ | ကျေးရွာတွင်း လမ်းမီးများ လျှပ်စစ်မီးသွယ်တန်းခြင်း | ကျား | | ၄၅၀ |
| ၅ | ကုန်ချဈေး ရုံ တည်ဆောက်ခြင်း | ကျား + မ | | ၄၅၀ |
| ၆ | ရေသန့်စက်တည်ဆောက်ခြင်း | ကျား | | ၄၅၀ |
| ၇ | အလယ်တန်းကျောင်းခွဲ တည်ဆောက်ခြင်း | မ | | ၄၅၀ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးလုပ်ငန်းများ နည်းပညာကျကျ စိုက်ပျိုးနိုင်ရန်နှင့် မျိုးကောင်းမျိုးသန့် ရရှိရန် | ကျား + မ | စိုက်ပျိုးရေးကဏ္ဍ |
| ၂ | ပိုးမွှား အနှောင့်အယှက်ကို နည်းစနစ်ကျကျ နှိမ်နှင်းနိုင်ရန် | ကျား + မ | စိုက်ပျိုးရေးကဏ္ဍ |
| ၃ | စက်ပသက္ကန်း၊ လက်သက္ကန်းနှင့် အိမ်တွင်းမှု သင်တန်းများ | မ | အသက်မွေးဝမ်းကျောင်းကဏ္ဍ |
| ၄ | အလှပြင်ဆိုး သင်တန်းများနှင့် စားသောက်ကုန်ထုတ်လုပ်မှု | မ | အသက်မွေးဝမ်းကျောင်းကဏ္ဍ |
| ၅ | သင်တန်းများ | | |
| ၆ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးဌေးကျော်--- လက်မှတ် ---[signature]--- နေ့စွဲ ---၂၀.၆.၂၀၁၇---

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ခေါခဲနူဖိုင် ( ခေါ်[illegible] ) | |
| နေ့စွဲ ၂၀.၉.၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကရင်ပြည်နယ် / မြို့နယ် မြောင် | ကျေးရွာအုပ်စု ခေါင်းခွဲ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | ယခင်နှစ်စီမံကိန်းမှလက်ကျန်ငွေ | ယခုနှစ်စီမံကိန်းမှရရှိငွေ | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | | စုစုပေါင်း |
| ခေါင်းခွဲ | ကျေးရွာတွင်းလမ်းများ ကျောက်ချောလမ်းခင်းခြင်း | ၁၀၀၀'x၁၂'x ၁၂" | ၁၆အိမ် | □ ကျား □ မ ☑ ကျား+ မ | ၄၇၂,၉၇၀/- | ၁၄,၀၈၀,၀၀၀/- | | | | ၁၄,၅၅၂,၉၇၀/- |
| အောင်ချမ်းသာ | ရွာတွင်းလမ်းများ ကျောက်ချောလမ်းခင်းခြင်း | ၅၀၀'x၁၂'x ၁၂" | ၄၅၀ | □ ကျား □ မ ☑ ကျား+ မ | ၂၃၃,၆၀၀/- | ၇,၀၄၀,၀၀၀/- | | | | ၇,၂၇၃,၆၀၀/- |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးငွေအောင် [signature] ၂၀.၉.၁၇

**၁၁။ အစည်းအဝေးမှတ်တမ်းများ**

**စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ်**

**ပထမကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း**

ကျေးရွာ ။ ။ အောင်ချမ်းသာကျေးရွာ

ကျေးရွာအုပ်စု ။ ။ ခေါင်းခွဲကျေးရွာအုပ်စု

ရက်စွဲ ။ ။၁၈.၉.၂၀၁၇

အစည်းအဝေးပြုလုပ်သည့်နေရာ။ ။ အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း

အကြောင်းအရာ။ ။ တတိယနှစ်စက်ဂန်း ပထမအကြိမ်အစည်းအဝေးကျင်းပခြင်း

အစည်းအဝေးတက်ရောက်သူများ။ ။အမျိုးသား(၃၆)၊အမျိုးသမီး(၅၁)၊စုစုပေါင်း (၈၇)ဦး

**<u>ဆွေးနွေးချက်များ</u>**

လူထုဗဟိုပြု စီမံကိန်း တတိယနှစ်စက်ဂန်း ပထမအကြိမ်အစည်းအဝေးကို နေ့လည်(၁) နာရီတွင် အောင်ချမ်းသာကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပပြုလုပ်ပြီး လူထုစည်းရုံးရေး မှူး ဒေါ်ခင်စုနိုင် နှင့် လက်ထောက်နည်းပညာမှူး ဒေါ်မေမြတ်သူဇာကျော်တို့ မှ စတင်ပြီး မိတ်ဆက်ခဲ့ပါ သည်။ အောင်ချမ်းသာ ကျေးရွာသည် ယခု တတိယနှစ် စီမံကိန်း စက်ဂန်းတွင် ခေါင်းခွဲ ကျေးရွာအုပ်စုမှ ခွဲထွက်ပြီး ရွာအမည် စာရင်းပေါက်ခဲ့ပြီ ဖြစ်ကြောင်း ကျေးရွာ ကွဲသွားပေမဲ့ နှစ်ရွာ ပေါင်းမှ တစ်အုပ်စု ဖြစ်ကြောင်း ၊ လူထုဗဟိုပြု စီမံကိန်းသည် ကျေးရွာအုပ်စု အလိုက် ရန်ပုံငွေ ချထားပေးတာ ဖြစ်သည့် အတွက်ကျေးရွာ နှစ်ရွာ ပူးပေါင်းပြီး စည်းစည်းလုံးလုံး ရှိရန်လိုအပ်ကြောင်း၊ ပထမ အကြိမ် အစည်း အဝေး ပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောပြပြီး စီမံကိန်း စက်ဂန်းအကြောင်း ၊ တာဂန်ယူမှု တာဂန်ခံမှု များအကြောင်း၊ ကျားမရေးရာနှင့် ဂေဖန်အကြံပြု တိုင်ကြားဖြေရှင်းခြင်း အကြောင်းကို ကျေးရွာလူထုအား ရှင်းပြဆွေးနွေးခြင်း၊ ဆက်လက်၍ စေတနာ့ ဂန်ထမ်း အမျိုးသားတစ်ဦး အမျိုးသမီး တစ်ဦး ရွေးချယ်ပေးပါရန် ရှင်းလင်းပြောကြားခြင်း၊ ထို့နောက် လူတိုင်းပါဂင်သော လူမှုဆန်းစစ်ခြင်း လုပ်ငန်းစဉ် (၆) ခုကို အစည်းအဝေးတက်ရောက်လာသော ကျေးရွာလူထုကို အဖွဲ့ငယ်များ ခွဲ၍ ဆွေးနွေးခြင်း ၊ သုံးသပ်ခြင်းများ ပြုလုပ်ခြင်း၊ စိုက်ပျိုးရေး ကဏ္ဍ မွေးမြူရေး ကဏ္ဍ များ ၊ အသက်မွေးဂမ်းကျောင်း ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခြင်း၊

**<u>သဘောတူဆုံးဖြတ်ချက်များ</u>**

ကျေးရွာလူထုမှ ပထမအကြိမ် အစည်းအဝေး ကျင်းပရခြင်း ရည်ရွယ်ချက်ကို နားလည်သဘော ပေါက်ပြီး သဘောတူဆုံးဖြတ်ခြင်း၊ ကျေးရွာလူထု ကိုယ်စားဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်း နှစ်ဦး ကို ကျေးရွာလူထု မှ ရွေးချယ်ပေးခြင်း၊ လူတိုင်းပါဝင်သော လူမှုဆန်းစစ်ခြင်း လုပ်ငန်းစဉ် (၆) ခုကို ကျေးရွာလူထု နှင့် အတူ ဆွေးနွေးသုံးသပ်ခြင်း လုပ်ငန်း စဉ်များ ပြုလုပ်ခြင်း၊ စိုက်ပျိုးရေး မွေးမြူရေးကဏ္ဍ နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခြင်း ဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

| | |
|---|---|
| မှတ်တမ်းတင်သူ | အတည်ပြုသူ |
| ဦးငွေးလွင် | ဦးတင်မင်း |
| စေတနာ့ဝန်ထမ်း | ရွာခွဲခေါင်းဆောင် |

**စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ်**

**ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း**

ကျေးရွာ ။ ။ အောင်ချမ်းသာကျေးရွာ

ကျေးရွာအုပ်စု။ ။ ခေါင်းခွဲကျေးရွာအုပ်စု

ရက်စွဲ ။ ။၂၀.၉.၂၀၁၇

အစည်းအဝေးပြုလုပ်သည့်နေရာ။ ။ အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း

အကြောင်းအရာ။ ။တတိယနှစ်စီမံကိန်း ဒုတိယအကြိမ်အစည်းအဝေး ဦးစားပေးလုပ်ငန်းရွေးချယ်ခြင်းနှင့် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီရွေးချယ်ခြင်း။

အစည်းအဝေးတက်ရောက်သူများ။ ။ကျေးရွာသား(၃၅)၊ကျေးရွာသူ(၄၆)၊စုစုပေါင်း(၈၁)

**<u>ဆွေးနွေးချက်များ</u>**

ခေါင်းခွဲ ကျေးရွာအုပ်စု အောင်ချမ်းသာ ကျေးရွာ လူထုဗဟိုပြု စီမံကိန်း စီမံကိန်း အထောက်အကူပြု ကော်မတီ ဖွဲ့ရန်နှင့် တတိယနှစ်စီမံကိန်းတွင် လုပ်ဆောင်မည့် ဦးစားပေးလုပ်ငန်းစဉ်များ ရွေးချယ်ရန် ဆွေးနွေးပြောကြားခြင်း၊ လူထုစည်းရုံးရေးမှူးမှ စီမံကိန်းအထောက်အကူပြု ကော်မတီရွေးချယ်ရာတွင် ကျေးရွာလူထုကိုယ်စား လုပ်ဆောင်ပေးမည့် ကော်မတီဝင်များကို ကျေးရွာလူထု မှ ကျေးရွာ၏ ဦးစားပေး လုပ်ငန်းစဉ်များကို ရွေးချယ်ခြင်း၊

**<u>သဘောတူဆုံးဖြတ်ချက်များ</u>**

စီမံကိန်း အထောက်အကူပြုကော်မတီ များကို ကျားမ တန်းတူညီမျှစွာ ဖြင့် ကျေးရွာလူထု သဘောတူ ရွေးချယ်တင်မြှောက် ခြင်း၊ အမျိုးသား အမျိုးသမီး အဖွဲ့များ ခွဲ၍ ဆွေးနွေးရာမှ ရရှိလာသည့် လုပ်ငန်းခွဲများကို တူရာစုပေါင်း၍ ဦးစားပေး လုပ်ငန်းစဉ်များကို အမျိုးသား အမျိုးသမီး သဘောတူ အဆင့်များသတ်မှတ်ခြင်း၊ ယခုနှစ်တွင် ဦးစားပေး အဆင့် (၁) ဖြစ်သည့် ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းလုပ်ဆောင်မည် ဖြစ်ကြောင်း သဘောတူဆုံးဖြတ်ခြင်းများ ပြုလုပ်ခြင်း၊ ကျေးရွာလူထုမှ ရွေးချယ်ပေးလိုက်သော စီမံကိန်း လုပ်ငန်းခွဲကို မြို့နယ်သို့တင်ပြပေးမည် ဖြစ်ကြောင်း ၊မြို့နယ်မှ ခွင့်ပြုသည့် လုပ်ငန်းခွကို လုပ်ဆောင်ရမည် ဖြစ်ကြောင်းပြောကြားပြီး ကျေးရွာလူထုမှ သဘောတူဆုံးဖြတ်ခြင်းများ ပြုလုပ်ပြီး တတိယနှစ် စက်ဝန်း ဒုတိယအကြိမ် အစည်း အဝေး အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

| | |
|---|---|
| မှတ်တမ်းတင်သူ | အတည်ပြုသူ |
| ဦးဌေးကျော် | ဦးတင်မင်း |
| စီ/ထောက်ဥက္ကဌ | ရွာခွဲခေါင်းဆောင် |

**ကဏ္ဍာအလိုက်အခက်အခဲမှတ်တမ်း**

## ၁၂။အောင်ချမ်းသာကျေးရွာ၊ ခေါင်းခွဲ ကျေးရွာအုပ်စု ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ

| | | လုပ်ငန်းများ | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ရန်လျာထားခြင်း |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ကျေးရွာတွင်းလမ်းများ ကျောက်ချောလမ်းခင်းခြင်း | ကျားမ | ၉/၂၀၁၇ | ကော်မတီ/ ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | အမှတ်(၂) မူလတန်းကျောင်း ခြံစည်းရိုး ကာရံခြင်း | ကျားမ | ၉/၂၀၁၇ | ကော်မတီ/ ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း | ကျားမ | ၉/၂၀၁၇ | ကျေးရွာလူထု | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| | ၄ | အလယ်တန်းကျောင်းခွဲတည်ဆောက်ခြင်း | □ | ၉/၂၀၁၇ | | ကျန်းမာရေးဌာန |
| ကျန်းမာရေး ပညာရေး | ၁ | ရေသန့်စက်တည်ဆောက်ခြင်း | ကျား | ၉/၂၀၁၇ | ကော်မတီ/ ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ကျေးလက်ကျန်းမာရေးဆေးခန်း တည်ဆောက်ခြင်း | ကျားမ | ၉/၂၀၁၇ | ကော်မတီ/ ကျေးရွာလူထု | ကျန်းမားရေး |
| | ၃ | | | | | |
| အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေး | ၁ | စက်ယက္ကန်း၊ လက်ယက္ကန်းနှင့် အိမ်တွင်းမှု သင်တန်းများ၊ ပန်းထိုးသင်တန်းများ နှင့် စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းများ | □ | ၉/၂၀၁၇ | ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန |
| | ၂ | စိုက်ပျိုးရေး လုပ်ငန်းများကို နည်းစနစ်ကျကျ စိုက်ပျိုးနိုင်ရန်နှင့် မျိုးကောင်းမျိုးသန့်ရရှိရန် | ကျားမ | ၉/၂၀၁၇ | ကျေးရွာလူထု | စိုက်ပျိုးရေး ဌာန |
| | ၃ | ပိုးမွှားများကို နည်းစနစ်ကျကျ နှိမ်နင်းနိုင်ရန် | ကျားမ | ၉/၂၀၁၇ | ကျေးရွာလူထု | စိုက်ပျိုးရေး ဌာန |
| အခြား | ၁ | လျှပ်စစ်မီး လမ်းမီးတိုင်နှင့် မီးကြိုးတိုးချဲ့သွယ်တန်းခြင်း | ကျား | ၂၀၁၇-၂၀၁၈ | ကော်မတီ/ ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | | | | | |